FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# အလုံးစုံမော်တော်ယာဉ်အာမခံ

## ခိုးယူပြင်ဆင်ချက်

ဤကုမ္ပဏီသို့ အာမခံထားသူပေးသွင်းသော အပိုပရီမီယံတစ်ရပ်ကို အကြောင်းပြု၍ ဤတွင် သဘောတူညီပြီး ကြေငြာသည်မှာ တစုံတစ်ဦးကကျူးလွန်သည့်ခိုးမှု ၊ သို့မဟုတ် ခိုးမှု၏အကျိုးသက်ရောက်မှုများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း၊ ဆက်စပ်ပတ်သတ်၍သော်လည်းကောင်း ဖြစ်ပေါ်စေသော ဤပေါ်လစီကအာမခံသည့် မော်တော်ယာဉ်၏ မည်သည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို မဆိုအာမခံရန် ဤအာမခံက တိုးမြှင့်ပေးသည်။ ရှေ့၌ဖော်ပြထားသည့် အတိုင်း ခိုးမှုသည်အောက်၌ တဝက်တပျက် ဖော်ပြထားသော မြန်မာနိုင်ငံပြစ်မှုဆိုင်ရာ ဥပဒေ ၁၈၆၁ ၏ ပုဒ်မ ၃၇၈ ပါ ခိုးမှုအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ညီညွတ်ရမည် ဖြစ်သည်။

## ခိုးမှု

ရွှေ့ပြောင်းနိုင်သောမည်သည့်ပစ္စည်းကိုမဆို တစုံတစ်ဦး၏ပိုင်ဆိုင်မှုမှ ထိုပုဂ္ဂိုလ်၏သဘောတူညီမှုမပါရှိဘဲ မရိုးသားစွာယူငင်ရန်ရည်ရွယ်လျက်၊ ထိုကဲ့သို့ယူငင်ရန်အတွက် ထိုပစ္စည်းကိုရွှေ့ပြောင်းသူမည်သူကိုမဆို ခိုးမှုအား ကျူးလွန်သည်ဟုဆိုသည်။ ဤမှအပ ပေါ်လစီစည်းမျဉ်းများကို လိုက်နာရမည်။